# Twentieth Sunday in Ordinary Time (August 17, 2014)

**1st READING:** ***Isaiah 56: 1, 6-7***

ယေရှာယအနာဂတ္တိကျမ်း ၅၆း ၁၊ ၆–၇

ထာဝရဘုရားမိန့်တော်မူသည်ကား၊ တရားကိုစောင့်၍ ဖြောင့်မတ်စွာ ကျင့်လော့။ ငါ၏ကယ်တင်ခြင်းကျေးဇူးရောက်ချိန်နှင့်ငါ၏ဖြောင့်မတ်ခြင်းတရားတို့ထင်ရှားချိန်ရောက်လုနီးပြီ။ ထာဝရဘုရားထံ၌အမှုစောင့်ခြင်း၊ နာမတော်ကိုချစ်ခြင်းကျွန်တော်ရင်းဖြစ်ခြင်းအလိုငှါ၊ထာဝရဘုရား၌မှီဝဲသောတပါးအမျိုးသားတို့ကို၎င်း၊ ဥပုသ်နေ့ကိုမရှုတ်ချ။ စောင့်ရှောက်၍၊ ငါ၏ပဋိညာဉ်ကိုစွဲလမ်းသောသူအပေါင်းတို့ကို ၎င်း၊ငါ၏သန့်ရှင်း သောတောင်သို့ ငါဆောင်ခဲ့၍ငါ၏ပဌနာအိမ်၌ဝမ်းမြောက်စေမည်။ သူတို့မီးရှို့ရာယဇ်နှင့် ယဇ်အမျိုးမျိုးတို့ကို ငါယဇ်ပလ္လင် ပေါ်မှာလက်ခံမည်။ ငါ့အိမ်ကိုလူအမျိုးမျိုးဆုတောင်းရာအိမ်ဟုခေါ်ဝေါ်လတ္တံ့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm  Psalm  67: 2-3, 5, 6, 8**
ဆာလံကျမ်း    ၆၇း ၂–၃၊ ၅၊ ၆၊ ၈

**သံပြိုင်။   ။အို ဘုရားသခင် လူအပေါင်းတို့ သည် ကိုယ်တော်အား ချီးမွမ်းထောမနာပြုကြပါစေ။**
R.  **O God, let all the nations praise you!**

**၁။ ဘုရားသခင်သည် ငါတို့အား ကရုဏာသက်တော်မူ၍၊ ကောင်းချီးပေးတော်မူပါစေ။ ကိုယ်တော်၏ ရွှေမျက် နှာတော်ကိုလည်း ငါတို့အပေါ် ထွန်းတောက်ပါ၏။ ကိုယ်တော်၏ လမ်းစဉ်များကို ကမ္ဘာ မြေကြီးပေါ်တွင် လည်းကောင်း၊ ကိုယ်တော်၏ ကယ်တင်တော်မူခြင် ကိုလူမျိုးတကာတို့အလယ်တွင် လည်းကောင်း၊ ထင် ရှားတော်မူပါစေ။  သံပြိုင်။**
May God have pity on us and bless us; may he let his face shine upon us. So may your way be known upon earth; among all nations, your salvation.

**၂။      လူမျိုးအပေါင်းတို့သည်ပျော်ရွှင်မြူးတူးကြလျက်၊ရွှင်လန်းခြင်းဖြင့်သီဆိုကျေးကြပါစေ။အကြောင်း မူကား၊ ကိုယ်တော်သည် လူအပေါင်းတို့ ကိုတရားမျှတစွာ အုပ်စိုးတော်မူ၍၊ ကမ္ဘာမြေကြီးပေါ် ရှိလူမျိုး တကာတို့ကို ဦးဆောင်လမ်းညွှန်တော်မူ၏။ သံပြိုင်။**
May the nations be glad and exult because you rule the peoples in equity; the nations on the earth you guide.

**၃။    ဘုရားသခင်၊ငါတို့၏ဘုရားသည်လည်းငါတို့ကိုကောင်းချီးပေးတော်မူလိမ့်မည်။ဘုရားသခင်သည်ငါ တို့ကိုကောင်းချီးပေးတော်မူလိမ့်မည်။  ကမ္ဘာမြေကြီးစွန်းအပေါင်းတို့သည်လည်းကိုယ်တော်ကိုကြောက်ရွံ့ရို သေကြလိမ့်မည်။ သံပြိုင်။**
May the peoples praise you, O God; may all the peoples praise you! May God bless us, and may all the ends of the earth fear him!

**2nd READING: Romans 11: 13-15, 29-32**
ရောမသြဝါဒစာ **၁၁း ၁၃–၁၅၊ ၂၉–၃၂**

**လူမျိုးခြားဖြစ်သောသင်တို့အားငါပြောလိုပါ၏။ ငါသည် လူမျိုးခြားတို့အတွက် တမန်တော်ဖြစ်သည် နှင့် အညီငါ၏အမှုတော်တွင်ဂုဏ်ယူပါ၏။ ငါ့ဆွေမျိုးသားချင်းတို့အားမနာလိုစိတ်ကိုနှိုးဆွပေးလို၍ သူတို့ထဲမှ အချို့တို့ကို ငါကယ်တင်ပေးလိုပါသည်။ သူတို့ကိုပစ်ပယ်ထားခြင်းသည်လောကသားတို့၏ပြန်လည်ကြေ အေးသင့်မြတ်ခြင်းကို ဖြစ်စေလျှင် သူတို့ကိုပြန်လည်လက်ခံတော်မူခြင်းသည်သေခြင်းမှအသက်ပြန်ရှင်ထ မြောက်စေသကဲ့သို့ပင်ဖြစ်လိမ့်မည်မဟုတ်လော။အကြောင်းမူကား၊ဘုရားသခင်၏ဆုကျေးဇူးတော်နှင့်ခေါ် တော်မူခြင်းသည်ဖျက်သိမ်း၍မရနိုင်ချေ။ထိုနည်းတူသင်တို့သည်ဘုရားသခင်ကိုမနာခံသူယခုသင်တို့သည် ဘုရာသခင်၏သနားကရုဏာတော်ကိုခံယူရရှိခဲ့ကြ၏။ ထို့နည်းတူပင်သူတို့ခံစားကြရသောသနားကရုဏာ တော်အားဖြင့်သူတို့သည်လည်းသနားကရုဏာတော်ကို ခံစားကြရမည့်အကြောင့်ယခုသူတို့သည်မနာခံဘဲ နေကြ၏။အကြောင်းမူကား၊ဘုရားသခင်သည်လူအပေါင်းတို့ကိုသနားကရုဏာတော်ပြလိုသောကြောင့်သူ တို့အားလုံးကိုမနာခံခြင်းအဖြစ်၌ထိန်းချုပ်ထားတော်မူ၏။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Matthew 15: 21-28***
**ရှင်မာတေဦး ဧဝံဂေလိကျမ်း ၁၅း ၂၁–၂၈**

**သခင်ဘုရားသည် ထိုအရပ်မှထွက်ခွာတော်မူ၍ တိုင်ရာနှင့်ဆီဒုံနယ်များသို့ ကြွတော်မူ၏။ ထိုအခါကာနန် အမျိုးသမီးတစ်ဦးသည်ထိုနယ်စပ်ဒေသမှထွက်လာ၍အိုသခင်၊ ဒေးဗစ်၏သားတော်၊ ကျွန်မကိုသနားတော် မူပါ။ ကျွန်မ၏သမီးသည်နတ်ဆိုးညှဉ်းဆဲခြင်းကိုပြင်းထန်စွာခံနေရပါသ်ဟုဟစ်အော်၍လျှောက်လေ၏။ သို့ရာတွင်ကိုယ်တော်သည်စကားတစ်ခွန်းကိုမျှဖြေကြားတော်မမူ။ တပည့်တော်တို့သည်လည်းအထံတော် သို့ချဉ်းကပ်၍ဤအမျိုးသမီးသည်တပည့်တော်တို့နောက်ကလိုက်၍ဟစ်အော်နေပါသည်။ သူမအားထွက် သွားစေတော်မူပါဟုလျှောက်ကြ၏။ ကိုယ်တော်ကလည်းငါသည်အစ္စရေးလ်အမျိုးအနွယ်မှပျောက်ဆုံးနေ သောသိုးများထံသို့သာစေလွှတ်ခြင်းခံရသည်ဟုမိန့်တော်မူ၏။ ထိုအမျိုးသမီးသည်ကိုယ်တော်၏ရှေ့တော် သို့လာရောက်ပျပ်ဝပ်လျှက အရှင်ဘုရား ကျွန်မကို ကူညီမစတော်မူပါဟု လျှောက်လေ၏။ ကိုယ်တော်က လည်းသားသမီးတို့၏အစားအစာကိုယူ၍ခွေးတို့အားချမကျွေးသင့်ဟုမိန့်တော်မူလျှင်၊အမျိုးသမီးက မှန်ပါ ၏။ အရှင်ဘုရား၊ ခွေးတို့ပင်လျှင် မိမိသခင်၏ စားပွဲမှကျသောမုန့်အစအနများကို စားကြရပါသေး သည်ဟု လျှောက်ထားလေ၏။ ထိုအခါသခင်ယေရှုးကအိုအမျိုးသမီး၊ သင်၏ယုံကြည်ခြင်းသည်ကြီး မားပေစွ၊ သင်ဆန္ဒရှိသည့်အတိုင်း သင်၌ဖြစ်ပါစေဟု မိန့်တော်မူသည်နှင့် တပြိုင်နက်ထို အမျိုးသမီး၏ သမီး သည် ရောဂါပျောက်ကင်းလေ၏။**

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။